ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ ၂၀၁၂-ခု နှစ်ပတ်လည်အစည်းအဝေး၏

# ထုတ်ပြန်ကြေညာချက်

၁။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ ၂၀၁၂ -ခုနှစ်အတွက် နှစ်ပတ်လည်ကောင်စီအစည်းအဝေးကို ထိုင်းမြန်မာနယ်စပ်လွတ်မြောက်သည့်နယ်မြေတနေရာတွင် ၂၀၁၃-ခု ဇန္နဝါရီလ (၇)ရက်နေ့မှ(၁၀)ရက်နေ့အထိကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးသို့အဖွဲ့ဝင်(၁၁)အနက်(၁၀)ဖွဲ့မှခေါင်းဆောင်ကိုယ်စားလှယ်စုစုပေါင်း(၃၅)ဦးတက်ရောက်ကြပြီး အထူးဖိတ်ကြားထားသော ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)နှင့် ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) တို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များလည်းတက်ရောက်အားပေးအကြံပြုဆွေးနွေးခဲ့ကြသည်။

၂။ ဤအစည်းအဝေးတွင် မိမိတို့နှင့်သက်ဆိုင်သောနိုင်ငံတကာအခြေအနေ၊ ပြည်တွင်းအခြေအနေ၊(UNFC) ၏ လုပ်ငန်းစဉ်အခြေအနေများကိုဆွေးနွေးသုံးသပ်ကြသည့်အပြင် မိမိတို့ (UNFC) အဖွဲ့ဝင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO/KIA)အားအစိုးရတပ်မတော်မှ ပြင်းပြင်းထန်ထန်ထိုးစစ်ဆင်တိုက်ခိုက်နေသည့်ကိစ္စအပေါ် အလေးထားပြီးသုံးသပ်ဆွေးနွေးခဲ့ကြသည်။

၃။ မိမိတို့နိုင်ငံ၏အရေးကိစ္စရပ်များနှင့်ပတ်သက်ပြီးယနေ့နိုင်ငံတကာမှထားရှိသောသဘောထားနှင့် အားပေးကူညီမှုများသည် အားရကျေနပ်ဘွယ်ကောင်းပြီး နိုင်ငံတကာမှထိုသို့အားပေးကူညီလာနေသည့်အခြေအနေတွင် အေးချမ်းတည်ငြိမ်တိုးတက်ပြီး ဒီမိုကရေစီနှင့်အခြေခံလူ့အခွင့်အရေးများအပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုကြီးအသွင်သို့ပြောင်းလဲပြုပြင်တည်ဆောက်ရန် အချိန်ကောင်းဖြစ်သည်ဟု တက်ရောက်သူအားလုံးမှ ရှုမြင်ကြသည်။

၄။ ပြည်တွင်းအခြေအနေနှင့်ပတ်သက်၍ သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့မှလုပ်ဆောင်နေသော ဒီမိုကရေစီစနစ်သို့ ဦးတည်သည့်လုပ်ဆောင်ချက်များသည် အပေါ်ယံဟန်ပြမျှသာဖြစ်ပြီး၂၀၀၈ -ဖွဲ့စည်းပုံအခြေခံဥပဒေကိုထိန်းသိမ်းကာကွယ်နေခြင်းဖြင့် စစ်အာဏာရှင်စနစ်ကိုဆက်လက်ကျင့်သုံးနေခြင်းဖြစ်ကြောင်းထင်ရှားသည်။ မကြာမီက ဖြစ်ပွားခဲ့သော လက်ပံတောင်းတောင်အရေးတွင် အေးချမ်းစွာဆန္ဒပြနေကြသော သံဃာနှင့်ပြည်သူများအပေါ် ရက်စက်စွာအရေးယူခဲ့ခြင်း သည် စစ်အာဏာရှင်များ၏ဗီဇလက္ခဏာကိုပြသလိုက်ခြင်းပင်ဖြစ်ပါသည်။

၅။ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် ဦးသိန်းစိန်အစိုးရ မှ ကြိုးပမ်း တည်ဆောက်နေပါသည်ဟု ကြွေးကြော်နေသော်လည်း လက်ရှိ ကချင် (KIO/KIA)အား စစ်တိုက်လေယာဉ်၊ စစ်ရဟတ်ယာဉ်များသုံးပြီး ဗုံးကျဲပစ်ခတ်တိုက်ခိုက်ခြင်း၊ (၁၀၅) (၁၂၀) လက်နက်ကြီးများဖြင့် အချက်ပေါင်းများစွာ ရက်ပေါင်းများစွာ တိုက်ခိုက်နေခြင်းသည်လည်းကောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်သောရှမ်းပြည်တပ်မတော် မြောက်ပိုင်းနှင့်တောင်ပိုင်းတပ်ဖွဲ့များအား အကြိမ်ပေါင်းများစွာသွားရောက်တိုက်ခိုက်နေခြင်းတို့သည်လည်းကောင်း လက်နက်အင်အားဖြင့် နိုင်ငံရေးပြဿနာကို ဆက်လက်ဖြေရှင်းနေခြင်းဖြစ်ကြောင်း လက်တွေ့ပြသနေပါသည်။

၆။ တိုင်းရင်းသားများစုပေါင်းလက်တွဲပြီးတိုက်ပွဲဝင်ခဲ့၍ရရှိလာသောလွတ်လပ်ရေး၏အကျိုးကျေးဇူးများကို တိုင်းရင်းသားများအားခွဲဝေခံစားခွင့်မပေးသဖြင့် ပြည်တွင်းစစ် အနှစ်(၆၀)ကျော်ဖြစ်ပွားလာခဲ့ရသည်။ ယနေ့အထိ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးများကိုမပေးလိုပဲ စစ်ပြုတိုက်ခိုက်နေသဖြင့် ပြည်သူများဒုက္ခမျိုးစုံ ကြုံတွေ့နေရပြီး တိုင်းပြည်လည်းခေတ်နောက်ကျနေရသည်။ ဤသည်ကို သင်္ခန်းစာမယူနိုင်သေးသည့် အာဏာရ မဟာလူမျိုးကြီးဝါဒီများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး နောင့်နေးကြန့်ကြာနေရပါလိမ့်မည်။

၇။ အာဏာရအစိုးရနှင့် ဗမာ့တပ်မတော်ကိုတောင်းဆိုလိုသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းပြီးခေတ်မီတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကိုမြင်တွေ့လိုပါက ကချင်အဖွဲ့ (KIO/KIA) အားထိုးစစ်ဆင်တိုက်ခိုက်နေသည်ကို ချက်ခြင်းရပ်တန့်ပြီး လွတ်လပ် တန်းတူ တရားမျှတသောနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲကိုအမြန် ခေါ်ယူကျင်းပပေးရန် ပန်ကြားတောင်းဆိုလိုက်ပါသည်။

၁၃၇၄-ခု နတ်တော်လဆုတ် (၁၄)ရက်
၂၀၁၃ -ခု ဇန္နာဝါရီလ (၁၁) ရက်

ကောင်စီဝင်များ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ